mgyoe.com

စိတ်ကူးချိုချိုအနုပညာ

# ရယ်ရွှင်ပြုံးတုံ့

ဟာသများ

ရဲစတိုင်း



mgyoe.com

mgyoe.com

# ရယ်ရွှင်ပြုံးတုံ့

## ရဲစတိုင်း



YST0003

900.00 KS

mgyoe.com

mgyoe.com

၈၀၈ • ၈၇

ရဲစတိုင်း
ရယ်ရွှင်ပြုံးတုံ့ / ရဲစတိုင်း ။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။
စာမျက်နှာ ၁၈၅ မျက်နှာ၊ ၁၀ • ၅ စင်တီ× ၁၆ • ၅ စင်တီ
(၁) ရယ်ရွှင်ပြုံးတုံ့

ရယ်ရွှင်ပြုံးတုံ့

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၄၀၀၉၂၃၀၈၀၈ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၂၃၀၆၀၉ ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို ကျ • ဒ • ဝ ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော် ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်ကာ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ တွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့်

mgyoe.com

mgyoe.com



## အရင်းခံအတိုင်းပါ

**တရားသူကြီး-** "မင့်ယောကျ်ားခေါင်းကို ထီးနဲ့ရိုက်လိုက်တာ ထီးကျိုးသွားတယ်လို့ဆိုတယ်၊ မင်းဘာပြောချင်သလဲ"

**တရားခံအမျိုးသမီး-** "မတော်တဆ ဖြစ်သွားတာပါ တရားသူကြီးရှင်"

**တရားသူကြီး-** "ဒါ ဘယ်လိုလုပ် မတော်တဆ ဖြစ်နိုင်မှာလဲ"

**အမျိုးသမီး-** "ကျွန်မမှာ ထီးကျိုးစေချင်တဲ့ ဆန္ဒလုံးဝမရှိပါဘူး"

☼

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



## အထူးကု

သူ့ချောင်းဆိုးက ဘယ်ဒေါက်တာနဲ့ ကုကု မပျောက်။ နောက်ဆုံးမှာ အထူးကုဆရာဝန်ထံ ရောက်သွားလေ၏။ ထိုအထူးကုက အထူးဖော်စပ်ထားသော ချောင်းဆိုးပျောက်ဆေးရည်ကို ပေးလိုက်၏။ နောက်နေ့မှာ ထိုလူနာသေသွားလေတော့၏။

သေသူ၏အမျိုးများ အတော်တုန်လှုပ်သွားကြ၏။ အထူးကုအားခေါ်ရှင်းခိုင်း၏။ အထူးကုက-

"အေးလေဗျာ၊ နောက်ဆုံးတော့ သူချောင်းမဆိုးတော့ဘူး မဟုတ်လား" ဟုပြောပြီး ခပ်အေးအေးပြန်ထွက်သွားသောဟူ၏။

☼

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



# ရှောင်လျှင်

၁၈၃၁-ခုနှစ် အစောပိုင်းပေ့ါ။ သဘော်ာရေချ ပွဲသို့ ဂုဏ်ထူးဆောင်ဧည့်သည်အဖြစ် မစ္စတာ လင်ကွန်း တက်ရောက်ရ၏။ ထိုပွဲတွင် မျက်လှည့် ဆရာတစ်ယောက်လည်းပါ၏။ သူက မျက်လှည့် အမျိုးမျိုး ပြသပြီး လင်ကွန်း၏ဦးထုပ်ဖြင့် ကြက်ဥ ကြော်ပြမည်ဟုပြောကာ လင်ကွန်းထံမှ ဦးထုပ် တောင်း၏။ လင်ကွန်းက ချက်ချင်းမပေးသေးဘဲ စဉ်းစားနေလေရာ မျက်လှည့်ဆရာက-

"ခင်ဗျားက ဦးထုပ်မငှားချင်လို့လား"ဟုမေး၏။ ထိုအခါ လင်ကွန်းက ရယ်ရယ်မောမောနှင့်-


"ကျုပ်ဦးထုပ်က အရေးမကြီးပါဘူးလေ၊ ကြက် ဥသိက္ခာကျမှာစိုးရိမ်လို့ပါဗျာ"ဟူ၍ ရှင်းပြလိုက်၏။

☼

mgyoe.com

mgyoe.com





လက်တွေ့

"မောင်ရေ၊ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်တုန်းက ကျွန်မကို ဖလ ပဲနေရမယ်လို့ ပြောခဲ့တဲ့ ဆရာဝန်ကို မှတ်မိသေးလားဟင်"

"အိုး . . မှတ်မိတာပေါ့ကွာ၊ တော်တော် တော်တဲ့လူပါ၊ ဒါပေမဲ့ သိပ်တော့ မယုံရဘူးကွ"

☼

mgyoe.com

mgyoe.com



## အဖုံးအဖိ

အရက်ဆိုင်ထဲမှာ သူတို့အုပ်စု သောက်ကောင်းတုန်းမှာ အုပ်စုဝင်ကုပ်ချောင်းချောင်း လူတစ်ယောက်က ပြန်ရန်ပြင်လေသည်။

"ဘယ်လိုလဲဗျာ၊ ခါတိုင်းလို စောစောပြန်တော့မလို့လား၊ နေစမ်းပါဦး။ ဒီလောက်တောင်မိန်းမကြောက်နေတာ ဘာဖြစ်လို့လဲ၊ ခင်ဗျားယောကျ်ား မဟုတ်ဘူးလား၊ ခင်ဗျားက ကြွက်မို့လား"

"ဟင်း . . ဟင်း . . ယောကျ်ားပါဗျ"

"သေချာရဲ့လား ကိုယ့်လူ"

"ဟဲ ဟဲ သေချာပါတယ်၊ ကျုပ်မိန်းမက ကြွက်ကို သိပ်ကြောက်တာဗျာ ဟင်း ဟင်း. . "

☼

mgyoe.com

mgyoe.com



## အပြောင်းအလဲနိယာမ

အရာရှိ- "ဟေ့- ရဲဘော်၊ မင်းမှာ အကြွေ တစ်ဒေါ်လာရှိလား"

**စစ်သား-** "ရှိတယ်၊ ရဲဘော်"

**အရာရှိ-** "အရာရှိတစ်ယောက်ကို အဲဒီလို ပြောဆိုမဆက်ဆံရဘူး။ ကဲ- ကောင်းကောင်းပြန် ပြောစမ်း၊ ငါ ပြန်မေးမယ်၊

"ဟေ့- ရဲဘော်၊ အကြွေတစ်ဒေါ်လာရှိလား"

**စစ်သား-** "မရှိဘူး ဆရာ"

☼

## မသဲကွဲသော အပြောများ

"ငါ့ကို နမ်းဖူးတာ ငါ့ယောက်ျားပဲရှိတယ်"

"ဟဲ့- နေစမ်းပါဦး၊ ဒါ နင် ကြွားနေတာလား၊ ညည်းနေတာလား"

☼

mgyoe.com

mgyoe.com



## သွက်လက်ချက်ချာသူလေး

အိမ်ရှင်အမျိုးသမီး- "ဟဲ့ မာရိယာ၊ အိမ်မှာ ဧည့်သည်တွေ ရှိနေရင် ငါ နင့်ကို 'အက်စတာ'လို့ ခေါ်မယ်၊ မှတ်ထား"

အိမ်ဖော်- "ဟုတ်ကဲ့ မေမေကြီး၊ ဒါထက် အိမ်မှာ ဧည့်သည်တွေရှိနေရင် ကျွန်မကရော မေမေကြီးကို ဘယ်လိုခေါ်ရမှာလဲ"

အိမ်ရှင်အမျိုးသမီး- "ဟယ် . . ခွေးမ"

အိမ်ဖော်- "ကောင်းပါပြီ မေမေကြီး"

☼

## ယူမိသည့် ဝန်တာ

"အဝတ်အစားတွေလျှော်ဖို့ အမျိုးသမီးလေး တစ်ယောက်ကို ခင်ဗျားငှားထားတယ်မဟုတ်လား။ ဘာ့ကြောင့်ကိုယ်တိုင်လျှော်နေရတာလဲ"

"သူ့ကို ကျုပ်ယူလိုက်ပြီလေဗျာ"

☼

mgyoe.com

mgyoe.com





## အကြွားမတတ်တော့

အိုင်းရစ်လူမျိုးအိမ်နီးချင်းက အိမ်နီးချင်းအမျိုးသမီးတစ်ယောက်ကို မေးကြည့်နေလေသည်။

"ရှင့်ယောက်ျားအလုပ်သွားခါနီး ဟိုတုန်းကလို ရှင့်ကို နမ်းသေးရဲ့လား"

"အမယ်လေး- နမ်းပါ့ရှင်၊ မနမ်းရရင် သူ့မှာ အလုပ်ဆင်းချင်စိတ်ကို မရှိဘူးတဲ့ရှင်"

☼

mgyoe.com

mgyoe.com


## ကြော စိမ့်ပါဘိ

ပူပူနွေးနွေးမုဆိုးမတစ်ယောက်သည် သူ့လင်အုတ်ဂူ၌ ကမ္ပည်းရေးထိုးရန် အခက်အခဲဖြစ်နေလေသည်။ အိမ်နီးချင်းများ၊ သူငယ်ချင်းများနှင့် တိုင်ပင်ညှိနှိုင်းရာမှ သူတို့အားလုံးက မုဆိုးမညာဉ်နှင့် အဟပ်မိဆုံးကမ္ပည်းကို အဆိုပြုလိုက်ကြ၏။

"ပြန်လည်မတွေ့ဆုံသေးသ၍ ငြိမ်းငြိမ်းချမ်းချမ်း နားလေဦး" တဲ့။

☼

mgyoe.com

mgyoe.com



## နာမည်ပေးကောင်းသူ

ကောလိပ်ကျောင်းသား ၃ ယောက်သည် သူတို့အကြိုက်ဆုံး စားသောက်ဆိုင်ထဲဝင်သွားကြပြီး သူတို့ထိုင်နေကျစားပွဲမှာ ထိုင်ကြရန်အလုပ် ထိုစားပွဲ၌ အမျိုးသမီးကြီးတစ်ယောက်ထိုင်နေနှင့်တာကို တွေ့လိုက်ကြရ၏။ လက်တလော အခြေအနေကို ဘယ်လိုရှင်းကြမလဲ။ သူတို့ဆွေးနွေး ပြီး နောက်ဆုံး၌ ထိုအမျိုးသမီးကြီး စိတ်ပျက်ကာ ထွက်သွားအောင်လုပ်ပြဖို့ ဆုံးဖြတ်လိုက်ကြ၏။ သို့ဖြင့် အမျိုးသမီးကြီးဘေးမှာ ထိုင်ချလိုက်သူ ပထမကျောင်းသားက-

"ဟော့ ဒီမှာဂျွန်၊ ငါဆိုတဲ့ ကောင်က ငါ့အဖေနဲ့အမေ လက်မထပ်ခင် ၃-လမှာ မွေးတာကွ

mgyoe.com

mgyoe.com



သိလား”ဟုစပြောလိုက်၏။ သည်တော့ နောက်တစ်ယောက်က-

“မင်းဟာက ဘာဟုတ်သေးလို့လဲ၊ ငါက ငါ့မိဘတွေ လက်မထပ်ခင် ၆-လမှာမွေးတာကွ၊ ဟင်း”

နောက်ဆုံးကျောင်းသားက “ဟေ့ကောင်တွေ၊ ငါက ငါ့မိဘတွေ လက်မထပ်ဘဲနဲ့ကို မွေးလာတာပါကွာ”

သူတို့ ၃-ယောက်ပြောလို့ အပြီးမှာ အမျိုးသမီးကြီး ခေါင်းမော့လာကာ ကျေကျေနပ်နပ်အားရပါးရ ပြောလိုက်တာကတော့-

“ဟဲ့ . . မိမစစ် ဖမစစ်ကလေးတွေ၊ ငါ့ကိုဟောဟို ဆားခွက်ပေးလိုက်စမ်း”ဟူ၏။

☼

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



## နေရာမရွေးတဲ့ ဟာသ

နာမည်ကြီး လူရွှင်တော်တစ်ယောက်၏ ငယ်ပေါင်းသူငယ်ချင်း တစ်ယောက်ဆုံးသွား၏။ အသုဘမှာ စကားအနည်းငယ်ပြောပေးဖို့ လူရွှင်တော်ကြီးအား ပန်ကြား၏။ ထိုအခါ လူရွှင်တော်ကြီးက သူ့လက်ထောက်ထံ ဖုန်းဆက်ပြီး-

"နက်ဖြန် အသုဘတစ်ခုမှာ ငါစကားပြောစရာရှိတယ်၊ အဲဒါ ငါ့အတွက် အသုဘဟာသ တစ်မျက်နှာလောက် အမြန်ရေးထားလိုက်စမ်း"ဟု မှာထားလိုက်သောဟူ၏။

☼

mgyoe.com

mgyoe.com



## သူကလေးဖြစ်တွေ

ဆရာမက စတုတ္ထတန်းက တပည့်လေးများအား "ကြီးရင် ဘာဖြစ်ချင်သလဲ၊ ဖြစ်ချင်တဲ့ပုံကို ဆွဲပြပါ"ဟု ခိုင်းလေသည်။

ကလေးတစ်ယောက်က လေယာဉ်မှူးပုံ ဆွဲသည်၊ တခြားတစ်ယောက်က ရဲသားပုံဆွဲသည်။ တစ်ယောက်ကတော့ မျက်လှည့်ဆရာ ပုံဆွဲသည်။ အဲ. . မိန်းကလေးတစ်ယောက်က လက်နှိပ်စက်စာရေးပုံ ဆွဲ၏။ 'အာချာနာ'လေးကတော့ ဘာပုံမှမဆွဲ၊ သူ့စာရွက်က လွတ်နေ၏။ ထို့ကြောင့် ဆရာမက-

"မင်း ဘာဖြစ်နေလဲ အာချာနာ"

"ဘာမှမဖြစ်ပါဘူး"

"ဘာလို့ ပုံမဆွဲတာလဲ"

"သမီးလက်ထပ်ချင်တယ်၊ အဲဒါ ဘယ်လိုဆွဲရမှန်းမသိလို့"

☼

mgyoe.com

mgyoe.com



## အလျှောက်ကောင်း အထောင်းခံရ

သူက ကောင်းကောင်းမွန်မွန် နေထိုင်စားသောက်နိုင်အောင် ရှာဖွေနိုင်စွမ်း မရှိသည့်အခါ လင်မယား စကားစစ်ထိုးကြရလေတော့၏။ မိန်းမက ရှင်ဟာ လစာတိုးပေးဖို့ အားတက်သရော ဖွဲ့ရှိရှိ မတောင်းဆိုဘူးဟုပြော၏။ ဒါ့အပြင် . . .

"ဒီမှာ . . ဒီမှာ ရှင့်မှာ သားသမီး ၇ ယောက်ရှိတယ်၊ ညညတွေမှာ မအိပ်ဘဲ ထိုင်စောင့်ကြည့်နေရတဲ့ နာမကျန်း အမေကြီးရှိတယ်။ အိမ်ဖော်မငှားနိုင်လို့ အိမ်သန့်ရှင်းရေးကို ကိုယ်တိုင်လုပ်နေရတယ်လို့ ရှင့်သူဌေးကို ပြောပါလား"

ရက်အနည်းငယ်အကြာမှာ သူအလုပ်က ပြန်ရောက်လာပြီး မိန်းမရှေ့၌ အေးဆေးတည်ငြိမ်စွာ ရပ်လျက် သူဌေးက သူ့ကို အလုပ်ဖြုတ်လိုက်ပြီဟု ပြောပြလိုက်၏။ မိန်းမက-

"ဘာကြောင့်ဖြုတ်လိုက်တာလဲ"

"ငါ့မှာ အပြင်အလုပ်တွေ သိပ်များနေတယ်လို့ သူက ပြောတယ်လေ"

☼

mgyoe.com

mgyoe.com





## တစ်ဖက်သတ်

အိုင်ဗင်သည် စစ်သားလေးဖြစ်သည်။ သူသည် စစ်ထဲဝင်သွားကတည်းက ၄ နှစ်လုံးလုံး အိမ်မပြန်၊ ထို့ကြောင့် ၄ နှစ်လုံးလုံး ဇနီးလေးနှင့်မတွေ့ရ။ ယခု သူ အိမ်ပြန်ရောက်လာသည့်အခါ ဇနီးလေးက ဆီး၍ သူသည် ၂ နှစ်သားအရွယ် သားငယ်လေး၏

mgyoe.com

mgyoe.com



ဖခင်ဖြစ်နေပြီဟု ဂုဏ်ယူပြီး ပြောပြလိုက်၏။ ပထမ တော့ ကယောင်ချောက်ချား ပျော်လိုက်မိ၏။ နောက်မှ သူ စဉ်းစားကြည့်သည်။

"မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ ငါအိမ်နဲ့ ဝေးနေခဲ့တာ ၄ နှစ်၊ ခု ၂ နှစ်အရွယ် သားငယ်ရဲ့ အဖေတဲ့၊ ဟား. . . ဟား တစ်ခုခုတော့ မှားနေပြီ မှားနေပြီ" ဇနီးနားတိုးသွားကာ-

"ငါ့ကွယ်ရာမှာ မျောက်ဇာတ်လမ်းခင်းတာ ဘယ်သူနဲ့လဲကွ"

ဇနီးက မဖြေ။

"အေး . . မင်းမပြောပေမဲ့ ငါသိပါတယ်ကွာ၊ ငါ့သူငယ်ချင်း တစ်ယောက်ယောက်နဲ့ ဖြစ်ရမယ်။ ဒါပေမဲ့ ဘယ်သူလဲ၊ အဲလစ်လား၊ ဗက်ကီလော့ စကီးလား၊ ငါ့သူငယ်ချင်းတစ်ယောက်ယောက်နဲ့ ပဲ ဖြစ်ရမယ်"

သည်တော့ ဇနီးက

"ဟွန်း ငါ့သူငယ်ချင်း . . ငါ့သူငယ်ချင်းတဲ့၊ ကျွန်မမှာရော သူငယ်ချင်းတွေရှိတယ်လို့ ရှင်မထင် ဘူးလား"ဟု မေးလိုက်၏။

☼

mgyoe.com

mgyoe.com



## အရူးနဲ့ လေ့လူး

**သူ-** "မနေ့ညက အိပ်မက် သိပ်ကောင်းတာပဲ ကွာ၊ ဇိမ်ခံကားကြီးနဲ့ ငါက ကမ္ဘာပတ်နေတာကွ"

**သူမ-** "သိတယ်လေ၊ ရှင့်ကားသံကို ကျွန်မ တောင် ကြားလိုက်သေးတာပဲ"

☼

## ရှိတာနဲ့ တင်းတိမ်ပါ

**စားသောက်သူ-** "ဟေး ဝိတ်တာ၊ ငါ့စွပ်ပြုတ် ပန်းကန်ထဲမှာ သစ်ကုလားအုပ်တစ်ကောင်ရောက် နေပါလား"

**ဝိတ်တာ-** "ဆောရီး ဆာ၊ ကျွန်တော်တို့မှာ ယင်ကောင်တွေ ပြတ်နေလို့ပါ"

**ဗိုဗိုယန်စတီးဝပ်**

☼

mgyoe.com

mgyoe.com



## တွေးစရာ နာမည်

သူ- "ဒီပန်းချီကား အဓိပ္ပာယ်က ဘာများပါလိမ့်၊ ကောင်လေးနဲ့ ကောင်မလေးကြည့်ရတာ ကတော့ တစ်ဦးပေါ်တစ်ဦး ချစ်စိတ်ကလေးတွေ ညွတ်နေပုံပဲ"

သူမ- "ရှင်အဓိပ္ပာယ်မသိဘူးလား၊ ကောင်လေးက ခုလေးပဲ လက်ထပ်ခွင့်တောင်းလိုက်တယ်လေ။ သိပ်ကို သဘာဝကျတာပဲ။ ဒီလိုကားမျိုးကို ပန်းချီဆရာက ဘယ်လိုများနာမည်ပေးမှာပါ လိမ့်"

သူ- "အဲ . . တို့သိပြီ၊ ပန်းချီကားအောက်မှာ ရေးထားတာပဲ၊ ဟိုမှာလေ၊ 'ရောင်းပြီး'တဲ့ မြင်တယ် မဟုတ်လား"

☼

mgyoe.com

mgyoe.com



## လွှဲချက်ကယ်ကောင်း

**စစ်စခန်းတစ်ခုရှိ** သူတို့အိမ်ကလေးမှာ **စစ်သားလင်မယားက** သားလေးအား ရေဖျန်းမင်္ဂလာပွဲ ကျင်းပပေးလေသည်။ အခမ်းအနားမစခင်မှာ ဘုန်းတော်ကြီးက ပူပူနွေးနွေးဖခင်အားအနားခေါ်၍-

"ဒီအလေးအနက် ဘာသာရေး အခမ်းအနားအတွက် အားလုံးပြင်ဆင်ပြီးပြီလား"ဟုမေး၏။

စစ်သားက-

mgyoe.com

mgyoe.com



"ပြီးပါပြီ။ အသားတွေ၊ ခရမ်းချဥ်သီးတွေ၊ ပေါင်မုန့်တွေ၊ ကိတ်တွေ. ."

သူ့စကားမဆုံးခင်မှာ ဘုန်းတော်ကြီးက ဖြတ်၍-

"မဟုတ်ဘူး . . မဟုတ်ဘူး၊ 'စပရစ်ကျူးဝဲလီး' (စိတ်အနေအထား)ပြင်ဆင်ပြီးပြီလားလို့ ကျုပ်မေးနေတာလေ"

သည်တော့ စစ်သားက စပရစ်(အရက်) ထင်လိုက်ပြီး

"သြော် . . ဟုတ်ကဲ့၊ ကျွန်တော်မသိလို့ပါဗျာ၊ ဝီစကီ(၂) သေတ္တာဆိုရင်လောက်မလား" ဟုမေးလိုက်၏။

☼

mgyoe.com

mgyoe.com





## မှသားပြောသူ ရှေ့နေများ

ခရီးအတူသွားကြသော တရားဟောဆရာ တစ်ဦးနှင့် ရှေ့နေတစ်ယောက် စကားလက်ဆုံကျ နေကြ၏။ တရားဟောဆရာက-

"ခင်ဗျား ရှေ့နေလိုက်တဲ့အခါ အမှားအယွင်း တွေများ လုပ်မိသလားဗျ"

"လုပ်မိပါတယ်"

mgyoe.com

mgyoe.com



"အဲဒီလုပ်မိတဲ့ အမှားအယွင်းတွေအတွက် ခင်ဗျားဘာလုပ်သလဲ"

"ကြီးတဲ့အမှားဆိုရင် ကျွန်တော်ပြင်ပါတယ်၊ အသေးအဖွဲဆိုရင်တော့ ဒီအတိုင်းလွှတ်ထားလိုက်ပါတယ်။ ဒါထက်ခင်ဗျားရော တရားဟောရာမှာ အမှားအယွင်းတွေရှိခဲ့သလား"

"ဟာ ရှိတာပေါ့၊ ရှိတာပေါ့"

"အဲဒီအမှားတွေအတွက် ခင်ဗျားဘာလုပ်သလဲ"

"အင်း . . ခင်ဗျားနည်းအတိုင်းပဲပေါ့ဗျာ။ အဲ မကြာခင်ကပဲဗျာ။ ကျုပ်တရားဟောတော့ အမှားတစ်ခုပါသွားသေးတယ်။ တကယ်တမ်း ကျုပ်ပြောချင်တာက 'မုသားပြောသူတွေ (Liars)ရဲ့ အဖေဟာ မကောင်းဆိုးဝါးဖြစ်တယ်' လို့ ပြောချင်တာ။ အဲ . . . လက်တွေ့ပြောချမိလိုက်တာက 'ရှေ့နေများ (Lawyers) ရဲ့ အဖေတဲ့လေ။ ဒါပေမဲ့ အသေးအဖွဲလေးပဲဆိုပြီး ကျုပ်ဒီအတိုင်းပဲ လွှတ်ထားလိုက်ပါတယ်ဗျာ"

☼

mgyoe.com

mgyoe.com



## ပြောမယုံ ကြုံမှသိ

ဒေါ်လာသန်းအချို့ ချမ်းသာသော အပျိုကြီး တစ်ယောက်တွင် မျိုးသန့်ကြောင်မကြီး တစ်ကောင် ရှိလေသည်။ ထိုအပျိုကြီးသည် မျက်မှောက်ကာလ လူနေမှုစနစ်နှင့် လိင်ကိစ္စများကို ဝိတိုရိယခေတ် အမြင်နှင့်ကြည့်၏။ ထို့ကြောင့်လည်း သူ့ကြောင်မ ကြီး အစွန်းအထင်း ထင်မှာစိုးရိမ်သောကြောင့် (၅)နှစ်လုံးလုံး အိမ်အပြင်ထွက်ရန် ခွင့်မပြုခဲ့ခြင်း ဖြစ်သည်။

တစ်နေ့ သူ့အပန်းဖြေခရီးထွက်ရန် ဆုံးဖြတ်

mgyoe.com

mgyoe.com



သည်။ ရထားမထွက်ခင်မှာ **အိမ်စေအား အတန်တန် ညွှန်ကြားမဝဖြစ်နေ၏။**

"လုပ်စရာရှိတာတွေကို ပြီးစီးအောင်လုပ်၊ အေးနောက်တစ်ခု မှာချင်တာက ကြောင်မကို အပြင်မလွှတ်နဲ့။ ထပ်ပြောမယ်၊ ဘယ်လိုအကြောင်းနဲ့မှ ကြောင်မကို အပြင်မလွှတ်ပါနဲ့"

သူခရီးထွက်သွားပြီး တစ်ပတ်လောက် အကြာမှာ အိမ်စေသည် ကြေးနန်းတစ်စောင်ကို ရရှိလေသည်။

"ပျော်စရာအချိန်တွေချည်းပဲ၊ သိပ်ချောတဲ့ ယောက်ျားလေးတစ်ယောက်နဲ့ တွေ့တယ်။ ကြောင်မကို အပြင်ထွက်ခွင့်ပြုလိုက်ပါ" ဟူ၏။

☼

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



# ဆိုင်ရာ··· ဆိုင်ရာ

ဆောင်းရယ်၊ နှင်းရယ်၊ မိုးနှင်းတွေရယ်ကြောင့် နေသာသော ရာသီကို ရောက်စေချင်ကြသည်။ အဲ ··· ဟောဒီသူငယ်ကတော့ မီယာမီပင်လယ် ကမ်းခြေမှာ အပန်းဖြေဖို့အကြောင်းကိုပဲ တဖွဖွ ပြောနေသည်။ သူက နောက်ဆုံးတစ်ခေါက် သူ့သူငယ်ချင်း အဆုတ်အထူးကုဆရာဝန်နှင့် သွားခဲ့ သည့်အကြောင်း ပြောပြရာတွင် သူက ကမ်းခြေမှာ လဲလျောင်းပြီး ပတ်ဝန်းကျင်အလှအပများကို ချီးကျူးရင်းက သူငယ်ချင်းဘက်လှည့်ခါ 'ဟောဒီ ဖလော်ရီဒါ ပင်လယ်ကမ်းခြေက မိန်းမပျိုလေး တွေရဲ့ ခြေထောက်ဟာ သိပ်ကိုလှတယ်ကွာ၊ မလှ ဘူးလား သူငယ်ချင်း"ဟုမေးလိုက်၏။

သည်တော့ အဆုတ်အထူးကုဆရာဝန်က-

"ကိုယ် သတိမပြုမိဘူးကွ၊ ကိုယ်က ရင်ဘတ်နဲ့ပဲ ဆိုင်တဲ့ လူလေကွာ"ဟု ပြန်ပြောလိုက်သည်ဆို၏။

✲

mgyoe.com

mgyoe.com



# တော်လွန်းတဲ့ အကြံပေး

အလွန်အလုပ်ရှုပ်လွန်းသော သူ့ဘဝမှာ တစ်ခါတော့ 'မစ္စဇာဂါဘော်'သည် လင်မယားပြဿနာကို ဦးစားပေးသော အစီအစဉ်တစ်ခု ရုပ်မြင်သံကြားတင်ဆက်နိုင်ခဲ့၏။ ရုပ်မြင်သံကြားလွှင့်မည့်အခါ ပထမဆုံးသောဧည့်သည်က ဝန်ခံ စကားပြောလေသည်။

"သိပ်ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်နဲ့ စေ့စပ်ထားတာကို ကျွန်မဖျက်လိုက်တော့မလို့။ သူက ကျွန်မကို အရောင်ခပ်မှိုင်းမှိုင်း ကုတ်တစ်ထည်၊ စိန်တွေ၊ မီးဖိုနဲ့ ရိုးလ်စ်ရွိုက်စ်ကားတစ်စီး ပေးထားပါတယ်။ ကျွန်မ ဘာလုပ်သင့်ပါသလဲ မစ္စဂါဘော်"

ဇာဇာက ခပ်သွက်သွက်ပင် အကြံပေးလိုက်၏။

"မီးဖိုပြန်ပေးလိုက်ပေါ့"တဲ့။

☼

mgyoe.com

# လိုရင်း

လက်ထပ်အခမ်းအနားပြီးသွားသော သူတို့ သားအဖက သတို့သမီးအား အနားခေါ်လိုက်ပြီး "မင်း ငါ့သား ဂျွန်ဆင်နဲ့ လက်ထပ်ခွင့်ရတာ သိပ်ကံကောင်းတယ်"ဟုပြောပြ၏။

"ဘာဖြစ်လို့လဲ ဦး"

"ငါသေရင် မင်းတို့ ပေါင်(၂)သန်း အမွေရမယ်လေ" သတို့သမီး နှုတ်ဆိတ်သွား၏။

"ကဲ မင်းမှာ ဘာများပြောစရာရှိသေးသလဲ" သတို့သမီးလေး ခဏစဉ်းစား၏။ ပြီးမှ-

"ဒီ. . လို. . ဆို. . ခုပဲ သေလိုက်ပါလား ဦး"

☼

mgyoe.com

mgyoe.com



# လူခွေး

စကော့လူမျိုးတစ်ယောက်၏ မိန်းမသည် အရက်ကို သိပ်မုန်း၏။ တစ်ညမှာ သူ့ယောကျ်ားက အတော်မူးပြီး သန်းခေါင်လောက်မှ ပြန်လာ၏။ မိန်းမကြောက်ရသူမို့ အသံမကြားရအောင် တိတ်တိတ်ကလေး ခြေဖွဝင်လာခဲ့၏။ အိပ်ခန်းထဲရောက်သည့်အခါ လေးဘက်ထောက်၍ အိပ်ရာနားအရောက်သွား၏။ သို့သော်သူကံမကောင်း၊ မိန်းမနိုးသွား၏။

မှောင်နေသည်မို့ လေးဘက်ထောက်သွားနေသောသူ့ကို မိန်းမက သူ့အချစ်တော်ခွေးကြီးဟု ထင်လိုက်၏။

"ဟော မေ့သားကြီးပါလား၊ လာ လာ လာ"

သည်အကြောင်းကို နောက်နေ့မှာ ထိုစကော့လူမျိုးက သူငယ်ချင်းတစ်ယောက်အား ဖောက်သည်ချလေရာ-

"အဲဒီမှာတင် သူ့လက်ကို ယက်ဖို့အသီလေး ငါ့ခေါင်းထဲ ရုတ်တရက်ဝင်လာတော့တာပါပဲကွာ"ဟု အဆုံးသတ်လိုက်လေ၏။

☼

mgyoe.com

mgyoe.com



## လာမစနဲ့ တော်ရေ့ တော်ရေ့

တောလမ်းအတိုင်း ကားမောင်းသွားစဉ်မှာတင် သူတို့လင်မယားရန်ပွဲက အရှိန်တက်လာပြန်၏။ ထိုစဉ်မှာပင် လမ်းဘေး၌ အစာစားနေသော မြည်းတစ်ကောင်က ရုတ်တရက်အော်လိုက်၏။ သည်တော့ ယောကျ်ားက ချက်ချင်းပြုံးစိစိဖြစ်လာခါ-

"အဲဒါ မင့်အမျိုးလား" ဟုမေးလိုက်၏။

မိန်းမ၏ မဆိုင်းမတွပင် ပြန်ပက်လိုက်၏။

"ဟုတ်တယ်၊ ယောကျ်ားဘက်က အမျိုး"တဲ့။

✡

mgyoe.com

mgyoe.com





ခေါင်းပြဿနာ

သူ- "ဟေ့ မိန်းမ၊ မင်းကို လက်ထပ်ဖို့ ငါ သဘောတူတုန်းက ငါ့ခေါင်းဘယ်မှာရောက်နေ သလဲ၊ ငါမစဉ်းစားတတ်တော့ဘူး"

သူမ- "ဩော်-မောင်ရယ်၊ အဲဒီတုန်းက မောင့် ခေါင်း ကျွန်မပခုံးပေါ်ရောက်နေတယ်လေ မောင်ရဲ့"

☼

mgyoe.com

mgyoe.com



## အချိုးမွမ်းမစောနဲ့

စူပါမားကက်တစ်ခုအတွင်းတွင် လူတစ်ယောက်သည် အာခေါင်ခြစ်အော်ငိုနေသော ကလေးငယ်တစ်ဦးကို စျေးဝယ်လက်တွန်းလှည်း အတွင်းထည့်၍ တွန်းလာသည်။ သူက သာယာ ညှင်းပြောင်းစွာ ထပ်တလဲလဲပြောနေသည်။

"စိတ်မပျက်ပါနဲ့ အဲလဘတ်ရဲ့။ မအော်ပါနဲ့ အဲလဘတ်ရယ်၊ မဆူပါနဲ့ အဲလဘတ်ရာ။ စိတ်အေး အေးထားပါ အဲလဘတ်ရေ"

အခြားစျေးဝယ်သူတစ်ယောက်က သူ့ကို ကြည့် ပြီးပြောသည်။

"ခင်ဗျား သားချော့တာကတော့ တကယ်ချီး ကျူးဖို့ ကောင်းတယ်ဗျာ"

ကလေးအဖေက ပြန်ပြောသည်။

"မဟုတ်ရပါဘူးဗျာ၊ အဲလဘတ်က ကျွန်တော်လေ"

ရွှန်ကာဆင်

☼

mgyoe.com

mgyoe.com



## ဈေးကြီးလွန်းလို့

"ဟန်နီရေ . . မင်းမွေးနေ့လက်ဆောင်အတွက် ကျားသစ်ရေ အနွေးထည်ကြိုက်တယ်မို့လား"

"ဟင့်အင်း . . ကျွန်မ သဘောမကျဘူး"

"မင့်ခ်သားမွေးကုတ်ဆိုရင်ကော ဘယ်လိုလဲ"

"ဟင့်အင်း ကျေးဇူးတင်ပါတယ်"

"စိန်ဘယက်ဆိုရင်ကောကွာ"

"ဟင့်အင်း ကျွန်မတကယ်လိုချင်တာက ကွာရှင်းပြတ်စဲပေးဖို့ပါ"

"အိုး . . ဒါလောက်ဈေးကြီးတာတော့ မတတ်နိုင်ဘူးပေါ့"

ပရေရီဟာသများအတွဲ(၅)

☼

mgyoe.com

mgyoe.com



## လိုက်ဖက်အောင်ပြောပါ

ဂိုဏ်းအုပ်ဘုန်းတော်ကြီးသည် တန်ဖိုးကြီး ဟင်းလျာများ တည်ခင်းထားသော စားသောက်ပွဲတွင် မစားသောက်မီ ကမ္ဘာ့အငတ်ဘေးအကြောင်း မိန့်ခွန်းခြွေနေသည်။

ဤတွင် လက်ထောက်ဘုန်းကြီးတစ်ပါးက မှတ်ချက် ချသည်။

"ငါတော့ အပြဲပြွှမ်းစုံရိယာအကြောင်း သူပြောတဲ့အထိ မစောင့်နိုင်တော့ဘူးကွ"

ရိုစ်ဝူးလ်ရစ်ချ်

☼

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


# နံ့တယ်ဆိုတာ ဘာလဲ

မိသားစု စီမံကိန်းဆေးခန်းသို့ ဇနီးမောင်နှံတစ်တွဲ ရောက်လာသည်။ ယောကျ်ားဖြစ်သူက ပြောသည်။

"ကျွန်တော်တို့ လက်ထပ်ပြီးတာ ဆယ်နှစ်ရှိပါပြီ။ ကလေးတစ်ယောက်မှ မရခဲ့ဘူး၊ အိမ်နီးချင်းတွေကတော့၊ ကျွန်တော်တို့ နံ့လို့ အလို့ မရတာလို့ပြောကြပါတယ်"

"အဓိပ္ပာယ်မရှိတာတွေဗျာ"

ဆရာဝန်က ပြုံးရင်းပြောသည်။

"အကြောင်းရင်းတချို့တော့ ရှိတာပေါ့လေ။ အစားအသောက်တို့၊ ဒါမှမဟုတ် အချိန်အခါနဲ့ လွဲနေတတ်တာမျိုးတို့ပေါ့၊ ခင်ဗျားတို့ တစ်ပတ်မှာ ဘယ်နှကြိမ်ကြိုးစားကြည့်သလဲ"

ထိုစုံတွဲက ပြိုင်တူပြန်မေးသည်။

"ဘာကိုကြိုးစားရမှာလဲဆရာ"

**ဂိုထရီဒေါင်းအန်ဒါဂျာနယ်၊ ဆစ်ဒနီ**

☼

mgyoe.com

mgyoe.com



## လောကကြီးမှာဗျာ

"ဘတ်စ်စတေရှင်ဆိုတာ ဘတ်စ်ကားရပ်တဲ့နေရာ၊ မီးရထားစတေရှင်ဆိုတာ မီးရထားရပ်တဲ့နေရာဖြစ်ပြီး ဝါ့ခ်စတေရှင်ဆိုတာကျတော့ အလုပ်ကိုရပ်မထားရဘဲ လုပ်နေရပါလားနော်"

☼

## ငါ့ ဒုက္ခကမှ

ယမန်နေ့က မီးပျက်သည့်အကြောင်း သူငယ်ချင်းနှစ်ဦး ပြောနေကြသည်။

"ငါ့မှာကွာ ဓာတ်လှေကားထဲ ပိတ်မိနေတာ လေးနာရီကြာသွားတယ်"

"ဒါ ဘာဟုတ်သေးလဲ၊ ငါကမှ စက်လှေကားပေါ် ပိတ်မိနေတာ ရှစ်နာရီတောင်ကြာတယ်"

လင်ဒီယာကာဆီရပ်စ်

☼

mgyoe.com

mgyoe.com



## ရေထုတ်ပေါက်

တစ်နံ့နက်ခင်းတွင် ဆိပ်ခံ၌ ချည်ထားသော သမ္ဗာန်တစ်စင်းပေါ်တွင် အိုင်းရစ်လူမျိုးတစ်ယောက် လွန်ပူကိုင်ထားပြီးရပ်နေသည်ကို အင်္ဂလိပ်တစ်ယောက်က လှမ်းမြင်သည်။ အိုင်းရစ်က လွန်စဖောက်ရန် ကိုယ်ကိုအကုန်းလိုက်တွင် အင်္ဂလိပ်က လှမ်းအော်သည်။

"ဟေး . . မင်းဘာလုပ်နေတာလဲ၊ အပေါက်ဖောက်လိုက်ရင် လှေနစ်သွားမှာပေါ့ဟ"

အိုင်းရစ်က ပြန်ပြောသည်။

"မကြောင်စမ်းပါနဲ့ကွာ၊ ဒီမှာ အကွဲကြောင်းက ရေယိုနေလို့ ရေပြန်ထွက်သွားအောင် အပေါက်ဖောက်ပေးနေတာဟေ့"

☼

mgyoe.com

mgyoe.com





## မလျှော့နိုင်ဘူး

သူ့ကိုယ်သူ ယုံကြည်စိတ်အပြည့်ရှိသူတစ်ဦး သည် ဘားဆိုင်တစ်ဆိုင်အတွင်း ဝင်လာပြီး ခပ်ချောချောအမျိုးသမီးတစ်ဦး၏ဘေးတွင် ဝင်ထိုင်သည်။ သူက အမျိုးသမီးနှင့် မျက်လုံးချင်းဆုံအောင်လုပ်သည်။ ထို့နောက် လက်ပတ်နာရီကို

mgyoe.com

mgyoe.com



သူ့နားသို့ ကပ်၍ နားထောင်သည်။

"ရှင်ဘာကြားရသလဲ"

"ဒီနာရီက နည်းပညာအသစ်နဲ့ လုပ်ထားတာ လေ။ ကျွန်တော့်ကို အယ်လ်ဖာလှိုင်းလွှတ်ပြီး စကား ပြောတယ်"

အမျိုးသမီးက ကျီစားလို၍ ပြုံးရင်းမေးသည်။

"ဒါဖြင့် အခုသူက ရှင့်ကို ဘာတွေပြောနေ သလဲ"

"သူ ပြောတာကတော့ မင်း ငါ့ကို အရူးအမူး ချစ်နေတယ်တဲ့"

အမျိုးသမီးက ပြန်နောက်သည်။

"ရှင့်နာရီကွဲနေလို့ ဖြစ်ရမယ်၊ ကျွန်မဖြင့် ရှင့် ကို သိတောင် မသိဘူး"

ထိုလူက ပြန်ပြုံးပြပြီးပြောသည်။

"ဟုတ်ပြီ၊ ဒါဆိုရင် ဒီကောင်တစ်နာရီလောက် မြန်နေတာဖြစ်နိုင်တယ်"

☼

mgyoe.com

mgyoe.com





## ခင်ဗျားခိုင်းတာနော်

လူခြောက်ယောက် ပိုကာကစားကြရာ စမစ်သည် ဒေါ်လာ ၅၀၀ ရှုံးသွား၍ ရင်ဘတ်ကို လက်ဖြင့်အုပ်ပြီး လဲကျသေဆုံးသွားသည်။ သူ့မိန်းမကို သွားပြောရန် လူရွေးကြသည်။

တုတ်ချောင်းဆွဲ မဲနှိုက်ကြရာ အန်ဒါဆန်က အတိုဆုံးတုတ်ချောင်းကို ဆွဲမိသည်။ သိမ်သိမ်မွေ့

mgyoe.com

mgyoe.com



မွေ့နှင့် ခပ်ဖော့ဖော့ပြောပေးရန် ကျန်လူများက ဝိုင်းမှာကြသည်။

"ပြဿနာမဟုတ်ပါဘူး"ဟု အန်ဒါဆန်က အာမခံသည်။

ထို့နောက် စမစ်၏အိမ်သို့ ကားမောင်းထွက်ခဲ့ပြီး အိမ်တံခါးကို ခေါက်သည်။ စမစ်၏မိန်းမ တံခါးလာဖွင့်သည်။

"ခင်ဗျားယောကျ်ားတော့ ဖဲကစားတာ ဒေါ်လာ ၅၀၀ ရှုံးသွားပြီ"

သူမက ဒေါသတကြီး ပြန်အော်ပြောသည်။

"လဲသေလိုက်လို့ ပြောလိုက်စမ်းပါ"

အန်ဒါဆန်က ပြန်ပြောသည်။

"အိုကေ၊ ကျွန်တော်ဒီအတိုင်းပြောလိုက်ပါ့မယ်"

အယ်လင်းဆန်ဒါးစ်

☼

mgyoe.com